# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 17, 2020 Volume 27, Number 11


**၁၇.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၀၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၂/- ကျပ် |
| CBM Rate | = ၁၄၆၅.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၈.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၉
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု ကဏ္ဍဆိုင်ရာအစည်းအဝေး ဒုတိယအကြိမ်ပြုလုပ်ခြင်း




၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (Trade and Investment Project) ၏ စီမံကိန်းကြီးကြပ်ကော်မတီ အစည်းအဝေးကို ဒုတိယအကြိမ်ကျင်းပခဲ့ပြီး၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန International Trade Centre မှ အမျိုးသားပို့ကုန်မဟာဗျူဟာအောက်တွင် ထောက်ပံ့ ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍနှင့်အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍများဆိုင်ရာ Pilot Project များကို ဆောင်ရွက်သွားရန် အဆိုပြုတင်ပြခဲ့မှုအပေါ် စီမံကိန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၏ သဘောထားမှတ်ချက်များရယူပြီး ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု ကဏ္ဍအတွက် Pilot Project ရေးဆွဲခြင်း ပထမအကြိမ်အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်ပါသောကြောင့် Pilot Project on Trailer Swapping ရေးဆွဲနိုင်ရေးအတွက် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၁၇.၁.၂၀၂၀ နေ့ နံနက် ၁၀:၃၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနအစည်းအဝေးခန်းမ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

**Source: MYANTRADE–TIR**

## လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးဆွေးနွေး




လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကို ၁၇.၁.၂၀၂၀ ပြည့်နှစ်၊ နေ့လည် ၁၅:၀၀ နာရီတွင် ရန်ကုန်မြို့၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar Internationnal Trade Centre) မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။

အမျိုးသား ပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တွင် လက်မှုအနုပညာပစ္စည်းကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းထားရှိပြီး၊ အဆိုပါကဏ္ဍ၏ ပို့ကုန် မဟာဗျူဟာ ရေးဆွဲရန်လည်း စီစစ်ဆောင်ရွက်လျက်ရှိပါသည်။ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများမှ တက်ရောက်ခဲ့ပါသည်။

**Source: MYANTRADE –TIR**

## မြန်မာ့စီးပွားရေး ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိပြီး ယခုဘဏ္ဍာနှစ်တွင် စီးပွားရေး ဆက်လက် တိုးတက်မည်ဟု ကမ္ဘာ့ဘဏ်ဆို

မြန်မာနိုင်ငံစီးပွားရေးသည် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို ဆက်လက်ပြသနေပြီး မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၉-၂၀ တွင် ယခင်နှစ်များထက် တိုးတက်ကာ ၆ ဒသမ ၄ ရာခိုင်နှုန်း ရှိလာမည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည်။ တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသည့် ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏လတ်တလော စီးပွားရေးဖြစ်ပေါ် တိုးတက်မှု အခြေအနေများ၊ အလားအလာများနှင့် မူဝါဒရေးရာ အကြံပြုချက်များကို ဖော်ပြထားသည်။ မြန်မာ့စီးပွားရေး တိုးတက်နှုန်းသည် ၂၀၁၈-၁၉ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်များတွင် ၆ ဒသမ ၃ နှင့် ၆ ဒသမ ၂ ရှိခဲ့ပြီးယခုဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ထက် ၀ ဒသမ၁ ရာခိုင်နှုန်းပိုမို တိုးတက်လာမည်ဟုဆိုသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အခြေအနေများမှာ အားရစရာမကောင်းသော်လည်း မြန်မာ့စီးပွားရေးအားကောင်းလာရန်ရှိပြီး မြန်မာနိုင်ငံစီးပွားရေးသည် ကြံ့ကြံ့ခံရပ်တည် နိုင်စွမ်းကို ဆက်လက်ပြသနေသည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ယင်းသို့ ခန့်မှန်းရခြင်းသည် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်ဖွယ်ရှိသည့် အစိုးရ၏ အခြေခံအဆောက်အအုံ စီမံကိန်းများကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်ကဖော်ပြထားသည်။

မြန်မာ့စီးပွားရေးအလားအလာ တည်ငြိမ်နေမည်ဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ထက် သုည ဒသမ ၁ ရာခိုင်နှုန်း ပိုမို တိုးတက်မည်ဟု မျှော်မှန်းသည်။ ဆက်လက်၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) လုပ်ငန်းများ ဝင်ရောက်မည်ဟု ကတိပြုမှုတိုးမြှင့်လာကြောင်း ဆောက်လုပ်ရေး လုပ်ငန်းများ တိုးတက်ဖွယ်ရှိသည်ဟု ခန့်မှန်းသည်။ ယင်းအချက်များနှင့်အတူ စက်မှုကဏ္ဍသည် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်လာမှုကြောင့် ပိုမိုလျင်မြန်သည့်နှုန်းဖြင့် တိုးတက်လာမည့်အပြင် လျှပ်စစ် ဓာတ်အားတိုးမြှင့်လာခြင်းနှင့် နိုင်ငံခြားဘဏ်များ ဝင်ရောက်လာခြင်းတို့ကြောင့် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ချေးငွေရရှိနိုင်မည့်အခွင့်အလမ်းများ တိုးပွားလာခြင်းတို့ကြောင့် လျင်မြန်စွာအားကောင်းလာနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ဖော်ပြထားသည်။

ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍသည် ထုတ်လုပ်မှုစွမ်းအားများအားနည်းနေခြင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားသဖွယ်ဖြစ်နေပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် အထောက်အပံ့ရရှိနိုင်မှု၊ လုပ်ငန်းရှင်များအချင်းချင်း ပိုမိုအားကောင်းသည့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုများအပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော

ပုဂ္ဂလိကကဏ္ဍဖြစ်စေရန် ပံ့ပိုးပေးနိုင်မည့်အခင်းအကျင်းများလိုအပ်နေသည်ဟု ထောက်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဇရိယာသုံးပုံတစ်ပုံတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်ပဋိပက္ခများ တည်ရှိနေခြင်းက စီးပွားရေးကဏ္ဍ အတွက် ထပ်လောင်းစိန်ခေါ်မှုတစ်ခုဖြစ်စေသည်ဟု ကမ္ဘာ့ဘဏ်ကထောက်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ မက်ခရို စီးပွားရေးအပြောင်းအလဲမြန်ဆန်မှုသည် ၂၀၁၉ ဖွန်လက စတင် မြင့်တက်လာပြီး ဇူလိုင်အတွင်း၌ ငွေကြေးဖောင်းပွမှုနှုန်းသည် ဂဏန်းနှစ်လုံးအထိမြင့်တက်ခဲ့သည်ဟု ယင်းအစီရင်ခံစာတွင်ပါရှိသည်။

**Source:** https://www.imyanmarhouse.com/news/read/885748?fbclid=IwAR3-vFv8Rk6gRrYIfGC0pH3mqCuVs-B7XX-Br43zuxzA9oXt7QAT9vituis

## တရုတ်နှစ်သစ်ကူးကာလ မူဆယ်သစ်သီးဒိုင်အချို့ အရောင်းအဝယ်ခေတ္တရပ်နားမည်

တရုတ်နှစ်သစ်ကူးကာလကြောင့် မူဆယ်သစ်သီးဝလံအရောင်းကွင်းတွင် ဖရဲသီး၊ သခွားသီးရောင်းဝယ်မှုကို ၃ ရက်တာ ရပ်နားမည်ဖြစ်ကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ဧရာဝတီကိုပြောသည်။ "တရုတ်နှစ်ကူး ကြောင့် တရုတ်အကောက်ခွန်ဌာနကပိတ်တယ်။ အဲဒီက အလုပ်မလုပ်ရင် သစ်သီးကားတွေဝင်လို့မရဘူးလေ။ ဒါကြောင့် သူတို့နားရက်အတိုင်း အရောင်းအဝယ်ကိုလိုက်နားတာပါ" ဟု ၎င်းကရှင်းပြသည်။ လက်ရှိ မူဆယ် ဖရဲ၊ သခွားဈေးကွက်သည် တရုတ်နှစ်ကူးကာလနီးချိန်ဖြစ်သဖြင့် အရောင်းအဝယ်သွက်ကာ ဝယ်လိုအားများသဖြင့် ဈေးလည်းကောင်းသည်ဟု မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ "မနှစ်က နှစ်ကူးချိန်နဲ့ယှဉ်ရင် ဈေးက ၂၀ ရာခိုင်နှုန်းလောက်တက်လာတယ်လို့ ပြောလို့ ရတယ်။ ဝယ်လိုအားလည်း အရမ်းကောင်းနေတယ်။ နှစ်ကူးပြီးရင်တော့ အရောင်းအဝယ်နည်းနည်းအေးသွားမယ့် အခြေ အနေရှိတယ်" ဟု ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကရှင်းပြသည်။ လာမည့် ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် တရုတ် အကောက်ခွန် ဌာနက တရုတ်နှစ်သစ်ကူးရုံးပိတ်မည်ဖြစ်ရာ အဆိုပါကာလအတွင်း တရုတ်နိုင်ငံအတွင်းသို့ တင်သွင်း လာသော ကုန်စည်များအား စစ်ဆေးမည်မဟုတ်ကြောင်းသိရသည်။ ထို့ကြောင့် ဖရဲသခွားကဲ့သို့ အထားမခံသောကုန်စည်များအား ရုံးပိတ်ရက်နှင့်တိုက်၍ တင်ပို့မိသောတောင်သူများအတွက် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ယခုလိုအရောင်းအဝယ်ကို ရပ်နားခြင်းဖြစ်သည်ဟုဆိုသည်။ "ဒိုင်ဘက်ကလည်း ဒီကိစ္စကို ကြိုတင် ကြေညာပေးတဲ့အတွက် ထူးခြားတဲ့ သက်ရောက်မှု မျိုးတော့ မရှိပါဘူး။ အရောင်းအဝယ်နားမယ့်ရက်နဲ့ အချိန်မှန်းပြီး ကိုယ့်အခင်းကအသီးကို ကြိုခူးမလား၊ နည်းနည်း နောက်ကျပြီးမှ ခူးမလား တွက်ပြီးစီစဉ်ရုံပါပဲ" ဟု ပဲခူးမြို့မှ ဖရဲသခွားစိုက် တောင်သူကိုနိုင်လင်းထက်ကပြောသည်။

လတ်တလောတွင် အရည်အသွေးကောင်းသော ဖရဲသီး ၁ တန်လျှင် တရုတ်ငွေ ယွမ် ၃၅၀၀ ဝန်းကျင် (ကျပ် သိန်း ၇ သိန်းခွဲဝန်းကျင်)၊ သခွားမွှေး ၁ တန်လျှင် ယွမ် ၄၀၀၀ မှ ၆၀၀၀ အထိ (ကျပ် ၁၀ သိန်းဝန်းကျင်) ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း မူဆယ်ဖရဲသခွား ဈေးကွက်အတွင်းမှသိရသည်။ မူဆယ်သစ်သီး ဈေးကွက်အတွင်းသို့ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ ကရင်၊ မွန်ပြည်နယ်တို့မှ ဖရဲသခွားများ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ၁ ရက်လျှင် အစီးရေ ၄၅၀ ဝန်းကျင်ခန့် ရှိသည်ဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

**Source:** https://burma.irrawaddy.com/business/2020/01/17/213120.html

## ရွှေဈေးကွက်မှာ ငွေကြေးခဝါချမှုတိုင်တဲ့သူကို ဆုကြေးရာခိုင်နှုန်းပေးမယ်

ရွှေဈေးကွက်အတွင်း ငွေကြေးခဝါချမှုပေါ်ပေါက်ပါက တိုင်ကြားနိုင်ပြီလို့သိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရွှေရောင်း ဝယ်ရာမှာ ကျပ်သိန်းတစ်ထောင် ဒါမှမဟုတ် ဒေါ်လာ တစ်သောင်း ကျော်ရင် သက်ဆိုင်ရာဌာနကို သတင်းပေးရမှာဖြစ်တယ်လို့ ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောပါတယ်။ ငွေကြေးခဝါချမှုကျူးလွန်သူကို ထောင်သုံးနှစ်အထိ ချမှတ်နိုင်ပြီး တိုင်ကြားသူကိုတော့ ဆုကြေးငါးရာခိုင်နှုန်းပေးမယ်လို့ ငွေကြေးခဝါချမှုဥပဒေမှာပြဋ္ဌာန်းထားတာပါ။




ဒါပေမယ့် မမှန်မကန်သတင်းပေးတိုင်ကြားရင်တော့ တိုင်ကြားသူကို ပြန်လည်ပြီး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်တယ်လို့ ဥပဒေကဆိုပါတယ်။ ပုံမှန်ရွှေရောင်းဝယ်မှုတွေ ကိုတော့ သတင်းပေးပို့စရာမလိုဘူးလို့ ဦးမျိုးမြင့်ကပြောပါတယ်။ ငွေကြေးခဝါချမှုဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ မှာ နည်းဥပဒေနဲ့ ညွှန်ကြားတွေရေးဆွဲခဲ့ပေမယ့် အခုမှပဲ အကောင်အထည်ဖော်တာလို့သိရပါတယ်။ ငွေကြေးခဝါချမှုတွေမဖြစ်အောင် ရွှေလုပ်ငန်းရှင်တွေကိုလည်း ဥပဒေပါစည်းကမ်း တွေကို လိုက်နာဖို့ မှာကြားထားတယ်လို့ သိရပါတယ်။

**Source:** https://www.imyanmarhouse.com/news/read/886055

## လာအိုနိုင်ငံသို့ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုစတင်

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်၊ ကျိုင်းလပ်မြို့ရှိ ကျိုင်းလပ် နယ်စပ် ကုန်သွယ်ရေး စခန်းမှတဆင့်လာအိုနိုင်ငံသို့ မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်များကို ယခုဘဏ္ဍာနှစ်တွင် စတင်တင်ပို့နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က ရောဝတီသို့ပြောသည်။ ဦးခင်မောင်လွင်က "အခုနှစ်မှာ ထူးခြားတာကတော့ နယ်စပ်မှာ လာအိုနဲ့ဆက်တဲ့ ကုန်သွယ်ရေးစခန်းပေါ့။ အဲဒီဘက်ကနေ ဘာတွေသွားမလည်းဆိုတော့ ကျနော်တို့ဆီကနေ ပြောင်းတို့ ဆန်တို့ ဆိတ်အရှင်လက်ခံမယ်ပေါ့။ တင်ပို့တဲ့နေရာမှာ လာအိုဘက်က လိုအပ်ချက်ပေါ်မူတည်ပြီးပို့တယ်။ အခုစပို့နေပြီ။ ဒါကတော့ ပထမဆုံးပါပဲ"ဟုပြောသည်။

ယင်းကုန်စည်များကို ယခင်က မူဆယ်နယ်စပ်မှတဆင့် တရုတ်နိုင်ငံသို့ သာတင်ပို့ရာမှ ယခု လာအိုလမ်းကြောင်းပွင့်သွားသည့်အတွက် ဈေးကွက်သစ် ရလာသည့် အပြင် တရုတ်ဘက်မှ ကန့်သတ်ချက်များ ရှိလာလျှင်လည်း ရွေးချယ်စရာအသစ်တခုလာမည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ပြော ဆိုသည်။"ဒီကျိုင်းလပ် ကုန်သွယ်ရေးစခန်းက လာအိုမြန်မာ တံတားဖွင့်ထဲကဖွင့်ထားတာ။ ကြာပြီဆိုပေမယ့် လုပ်ငန်းက ဒီနှစ်မှ စဖြစ်တာ။ ဒါတောင် လပိုင်းလောက်ပဲ ရှိသေးတယ်။ ပြောင်းဆိုရင် ဒီစခန်းကနေ ထိုင်းရော၊ လာအိုရော လမ်းကြောင်း ၂ ခု ပို့လို့ရတယ်။ လာအိုဘက်က သွင်းကုန် ဝင်တာတော့ မရှိဘူး" ဟု ဦးခင်မောင်လွင် က ရှင်းပြသည်။ လက်ရှိတွင် လာအိုနိုင်ငံကလည်း မြန်မာ့ဘက်မှ ကုန်စပ္စည်းများကို တရားဝင် လက်ခံပြီး လာအိုနိုင်ငံ ကုန်သည်များက မြန် မာ့ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တဆင့် ပြန်လည် ပေးပို့ကြောင်း ကုန်သည်များထံမှ သိရသည်။သို့ဖြစ်ရာ ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေး စခန်းမှ ယခု ၂၀၁၉ ၂၀၂၀ ဘဏ္ဍာနှစ် တွင် အမေရိကန် ဒေါ်လာ ၈ သောင်းခန့် တင်ပို့ ရန် ခန့်မှန်းထားကြောင်း ဦးခင်မောင်လွင်က ပြောသည်။ ကျိုင်းတုံတာချီလိတ် နယ်စပ်ကုန်သည်များအသင်း အတွင်းရေးမှူး ဒေါ်နန်းစင် က "အခုလို လာအို တင်ပို့နိုင်တာ ကောင်း ပါတယ်။ တချို့မူဆယ်တို့ ဘာတို့သွားတဲ့ ကုန်သည်တွေလည်း ဒီဘက်ကိုလှည့်ပြီးလုပ်နိုင်တယ်။ ကုန်စည်စီးဆင်းမှုလည်း တက်လာသလို ဈေးကွက်လည်းကောင်းနိုင်တယ်" ဟု ရောဝတီသို့ပြောသည်။

နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပြုလုပ်ရာတွင် လာအိုနိုင်ငံ ကုန်သည်များမှ ပေးနိုင်သည့် ဈေးကို wechat မှတဆင့် ဆက်သွယ်ကြကြောင်း၊မကြာမီက မြန်မာ့ မနောသုခဆန်ဝယ်ယူရန် ဆက်သွယ်ကြသော်လည်း လက်ရှိသည် တရုတ်နှစ်သစ်ကူးနှင့်လည်း နီးနေသောကြောင့် အရောင်းအဝယ်မှာ အေးနေကြောင်း ၎င်းကပြောသည်။ အဆိုပါ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှာ မဲခေါင်မြစ်ကူး မြန်မာလာအို ချစ်ကြည်ရေး တံတားအနီး သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းဒေသ ကျိုင်းတုံမြို့မှ ၁၀၈ မိုင် တာချီလိတ်မြို့နှင့် ၆၅ မိုင်ကွာဝေးပြီး တာချီလိတ်ကျိုင်းတုံ ပြည်ထောင်စု လမ်းကြီးပေါ်တွင် တည်ရှိသော တာလေမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသည်။

မဲခေါင်မြစ်ကူး မြန်မာလာအိုချစ်ကြည်ရေးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက တည်ဆောက်ခဲ့ပြီး၊၂၀၁၅ ခု

နှစ် မတ်လတွင်ဖွင့်လှစ်ခဲ့သည်။ ယင်းတံတားသည် မြန်မာနိုင်ငံဘက်ခြမ်း ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံ လွန်နသန်ပြည်နယ် လောင်းဝ်ခရိုင် ပေ့ဟုန်းကျေးရွာတို့ကို ဆယ်သွယ်ထားသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်လုပ်ကိုင်ရာတွင် ကုန်သွယ်ရေးစခန်း ၁၈ ခုရှိသည့်အနက် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှာ ကုန်သွယ်မှု အနည်းဆုံးဖြစ်သည်။

**Source:**https://burma.irrawaddy.com/business/2020/01/16/213086.html?fbclid=IwAR2zokYZrewpPcCXi3c_mLWT3Omi2d0td_VEpYTGmNQ8h3SfAjK5KayC4n8

## ဝါဈေးကွက်ကောင်းမွန်စေရေး ဝန်ကြီးဌာနကူညီမည်




ဝါဈေးကွက်ကောင်းမွန်လာစေရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။ “ဝါအစုအဖွဲ့တွေကနေဒီကဏ္ဍမှာ ဘာတွေအားနည်းနေသလဲ၊ ဈေးကွက်အခက်အခဲတွေ ဘယ်လိုရှိနေမလဲဆိုတာ ထုတ်ဖော်နိုင်ဖို့လိုအပ်တယ်။ ဒီအပိုင်းမှာ သက်ဆိုင်ရာက ချိတ်ဆက်လာပြီးတော့ အခက်အခဲတွေဖြေရှင်းဖို့ပဲဖြစ်တယ်။ ဒါမှလည်း ဝါစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်နဲ့ ဈေးကွက်ရရှိရေးတွေမှာ အခက်အခဲတွေကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်မှာဖြစ်တယ်”ဟုပြောသည်။ ဝါထွက်ပစ္စည်းထုတ်လုပ်မှုဖွံ့ဖြိုးလာစေရေးအတွက် အဓိကစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့်စိုက်ပျိုးထုတ်လုပ်တောင်သူများပါဝင်သည့် အစုအဖွဲ့များကို တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် တိုးချဲ့ဖွဲ့စည်းရန်လိုအပ်ကြောင်းသိရသည်။

ယခင်နှစ်က မိုးခေါင်မှုကြောင့် ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် အပင်ဖြစ်ထွန်းမှု အားနည်းခဲ့ပြီး အထွက်နှုန်း ထိခိုက်ကျဆင်းခဲ့ကြောင်း၊ မျိုးစေ့အရည်အသွေး ကျဆင်းမှုကြောင့်လည်း အထွက်နှုန်းမှာ သိသိသာသာကျဆင်းလာကြောင်း၊ ဝါပင်တွင် ကျရောက်တတ်သည့် ဘိုဖြူပိုးကျရောက်မှုကြောင့် နှိမ်နင်းရန် အခက်အခဲဖြစ်နေကြောင်းသိရသည်။ ဈေးကွက်အတွင်း ဝါတစ်ပိဿာလျှင်ကျပ် ၉၀၀ မှ ကျပ် ၁၄၀၀ ကြားရှိပြီး အရည်အသွေးကောင်းပါက ကျပ် ၁၆၀၀၀ အထိ ဈေးပေါက်နေကြောင်း၊ ဝါကုန်သည်များကစိုက်ခင်းအထိ လာရောက်၍ ဈေးဖြတ်ဝယ်ယူမှုများရှိကြောင်းသိရသည်။ ဝါကောက်ရာသီချိန်တွင် အလုပ်သမားရှားပါးသလို လုပ်သားခစရိတ်ကြီးမြင့်နေခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးလာကြောင်း နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ဝါစိုက်တောင်သူဦးမောင်မောင်ကပြောသည်။ “ဝါကောက်ချိန်ဆိုရင် ပဲခူးနဲ့ရောဝတီဘက်က အလုပ်သမားတွေ ခေါ်ခိုင်းနေရတယ်။ ဝါကဖြစ်ထွန်းရင် ဖြစ်ထွန်းသလိုအလုပ်သမားလည်းဝင်တယ်။ ရွာမှာရှိတဲ့ လယ်ယာလုပ်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အကုန်လုံးနီးပါးက ထိုင်း၊ မလေးရှားဘက်ကို အလုပ်လုပ်ဖို့သွားနေကြသလို နောက်ထပ်လည်း သွားဖို့ လုပ်နေကြတော့ သူတို့တွေကို နေ့စားပေးခေါ်ခိုင်လို့ မရတော့ဘူး။ နေ့စားအနေနဲ့ တစ်မနက်ခင်းကို အရင်နှစ်က ကျပ် ၁၅၀၀ ပေးရတယ်။ ဒီနှစ်တော့ ကျပ် ၂၅၀၀ ပေးတာတောင်မရတော့ဘူး။ ဒါကြောင့် တခြားက လုပ်နိုင်မယ့်သူတွေကို ထမင်းကျွေး နေ့စားခ တစ်နေကုန် ကျပ် ၄၈၀၀ နဲ့ ပေးငှားနေရတယ်”ဟု ၎င်းကပြောသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8621080

## တအောင်းဒေသထွက်လက်ဖက်များကို အဆင့်မြှင့်တင်လုပ်ဆောင်သွားမည်

၂၀၂၀ ခုနှစ်မှာ တအာင်းဒေသထွက်တဲ့ လက်ဖက်စိုများကို အဆင့်မြှင့်တင်နိုင်ရန် စီစဉ်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ ဒီနှစ်မှာ တအာင်းဒေသမှာရှိတဲ့ လက်ဖက်

တောင်သူများ ဝင်ငွေတိုးလာစေဖို့အတွက် လက်ဖက်စိုများကို အဆင့်မြင့်တင်နိုင်ရန် စီစဉ်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဇော်ညွန့်ကပြောပါတယ်။

လှော်လှန်းလုပ်ဖို့အတွက်ကို ပင်ကြီး၊ ပင်အိုထုတ်လုပ်ဖို့အတွက် ဆွေးနွေးခဲ့တယ်။လက်ဖက်ပင်တည်ရှိတဲ့ နေရာတွေကို စစ်တမ်းကောက်ယူပြီး လက်ဖက်ကို အဆင့်မြင့်ထုတ်လုပ်သွားဖို့ရယ် ထုတ်လုပ်တဲ့နေရာမှာလည်း အရည်အသွေးပိုင်းရော အရောင်းပိုင်းရော သင်တန်းပေးသွားဖို့ ဆွေးနွေးခဲ့တာပါ။ အဆိုပါဒေသမှာရှိတဲ့ လက်ဖက်ခြံတွေကို အထွက်တိုးစေရန်သာမက လက်ဖက်ကုန်ကြမ်းတွေကို အရည်အသွေးမြင့်ထုတ်လုပ်နိုင်စေရန် လုပ်ဆောင်သွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ လက်ဖက်ကို ထုတ်လုပ်မှုစနစ်တွေမြင့်တက်လာစေရန်နဲ့ ဈေးကွက်ဝင်လက်ဖက်စို၊ လက်ဖက်အခါးခြောက်များ အပြင် green tea ၊red tea ၊ white tea နဲ့ puer tea တို့ကိုထုတ်လုပ်နိုင်ရန် ဆွေးနွေးခဲ့တာဖြစ်ကြောင်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

Source: https://greenwaymyanmar.com/posts/produce_with_high_standard_of_myanmar_tea

## ပျားရည်ဈေးကွက် ကျဆင်းနေ



ရာသီချိန်မဟုတ်မိုးရွာသွန်းခဲ့တာကြောင့် ပျားရည်ပျက်စီးမှုဖြစ်ပေါ်နေပြီး ဈေးကွက်ထဲပျားရည်ဝင်ရောက်မှု နောက်ကျနေတာတွေနဲ့ ပြည်ပနိုင်ငံတွေက ပျားရည်ဝယ်ယူမှုရပ်နားနေတာကြောင့် ပျားရည် ဈေးကွက်ကျဆင်းနေတယ်လို့ မန္တလေးမြို့မှ ပျားလုပ်ငန်းရှင်တွေထံက သိရပါတယ်။

ပြီးခဲ့တဲ့၂၀၁၉ ဒီဇင်ဘာလနောက်ဆုံးပတ်နဲ့ ၂၀၂၀ ဇန်နဝါရီလ ပထမပတ်အတွင်း မြန်မာနိုင်ငံနေရာအနှံ့အပြားတွေမှာ အချိန်အခါမဟုတ်မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့တာကြောင့် ပျားရည်တွေပျက်စီးပြီး ဈေးကွက်ထဲကို အဝင်နည်းခဲ့တာဖြစ်တယ်လို့ ပျားလုပ်ငန်းရှင် ဦးသက်ဇင်အောင်ကပြောပါတယ်။ သူက “ မိုးရွာတဲ့အတွက် ပျားမွေးမြူရေးလုပ်ငန်းတွေက ပျားရည်တွေကပျက်စီးလို့ ဒီရက်ပိုင်းဈေးကွက်ထဲ ဝင်ရမယ့်ပျားရည်တွေ အဝင်နောက်ကျခဲ့တယ်၊ ပျားရည် လက်ကျန်တွေကြောင့် ပျားရည်ဈေးကတက်ဖို့မရှိဘူး၊ နောက်တစ်ချက်က ပြည်ပကလဲ အဝယ်နည်းတော့ ပြည်တွင်းမှာ ပျားရည်လုံလောက်တဲ့အတွက် ပျားရည်ဈေးကတက်မှာမဟုတ်ဘူး ” လို့ပြောပါတယ်။

မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ရွာသွန်းခဲ့တဲ့ အချိန်အခါမဟုတ်မိုးကြောင့် ပျားရည်အဓိကထွက်ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ရှမ်းပြည်နယ်တို့မှာ ပျားရည်တွေပျက်စီးခဲ့တာဖြစ်ပါတယ်။ ပျားရည်ပျက်စီးပြီး အဝင်နောက်ကျနေတာအပြင် ပြည်တွင်းပျားရည်ကို ပုံမှန်ဝယ်နေကျ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့က ကုမ္ပဏီတွေက ပြည်တွင်းပျားရည်ဝယ်ယူခြင်းကို ပြီးခဲ့တဲ့ ၂၀၁၉ ဒီဇင်ဘာလခန့်မှစတင်ကာရပ်တန့်ခဲ့တယ်လို့ ပျားလုပ်ငန်းရှင်တွေကပြောပါတယ်။ “အခုပြည်တွင်းက ပျားရည်အရောင်းအဝယ်ကအေးနေတယ်၊ ဒေါ်လာဈေးကျလာလို့လား၊ အခြားအကြောင်းရင်းတစ်ခုကြောင့်လားဆိုတာတော့ အခုမှ စုံစမ်းဖို့လုပ်နေတယ်၊သူတို့ဘက်ကရပ်နေတော့ ပျားရည်ကဈေးကွက်မရှိသေးဘူးဖြစ်နေတယ်”လို့ ပျားလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။ လက်ရှိအချိန်မှာ ပြည်ပနိုင်ငံတွေက ဝယ်ယူမှုမရှိတာကြောင့် ပျားရည်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဝန်းကျင်အထိရှိခဲ့တာကနေ ကျပ် ၂၄၀၀ ဝန်းကျင် အထိကျဆင်းနေပါတယ်။

**Source:** https://www.kumudranews.com/news-36775?fbclid=IwAR224Rjm42CDirVIiDbBIZwS-nRlRyPuw1-D__9tLBrYr1gmuG0qs7ab3n4

## အာဆီယံနိုင်ငံများတွင် ပို့ကုန်တင်ပို့မှု အများဆုံးနိုင်ငံစာရင်းတွင် မြန်မာ အဆင့် (၈) တွင်ရပ်တည်

ပို့ကုန်တင်ပို့မှုအများဆုံး အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံသည် အဆင့် (၈) နေရာတွင် ရပ်တည်နေပြီး ကမ္ဘာ့အဆင့်တွင် အဆင့် ၇၈ နေရာတွင် ရပ်တည်နေကြောင်း လွတ်လပ်သော ပညာရပ်ဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော worldstopexports ၏ ထုတ်ပြန်သည့်စာရင်းအရသိရသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၁၆ ဒသမ ၆၇၂

ဘီလီယံရှိပြီး ၂၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အဆိုပါစစ်တမ်းတွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ အဓိက ပို့ကုန်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြစ်ပြီး ပို့ကုန်စုစုပေါင်း၏ ၂၇ ရာခိုင်နှုန်းရှိပြီး အထည်အလိပ်နှင့် ပဲ၊ ဆန်၊ ပြောင်း စသော စိုက်ပျိုးသီးနှံများမှာ အဓိကပို့ကုန်များဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၃၈ ကို စာရင်း ကောက်ယူထုတ်ပြန်ထားသော အဆိုပါ စာရင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများတွင် စင်ကာပူနိုင်ငံမှာ ပို့ကုန်တင်ပို့မှု တန်ဖိုး ဒေါ်လာ ၄၁၁ ဒသမ ၇၄၂ ဘီလီယံဖြင့် အများဆုံးနိုင်ငံဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအနက် ပို့ကုန်တင်ပို့မှု အများဆုံးနိုင်ငံများမှာ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ဘရူနိုင်းနှင့် လာအိုနိုင်ငံတို့အစဉ်လိုက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပို့ကုန်တင်ပို့မှု အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၇-၁၈ စာရင်းများအရ ပို့ကုန်တန်ဖိုး ၂ ဒသမ ၅ ထရီလီယံ၊ အမေရိကန်နိုင်ငံက ၁.၇ ထရီလီယံဖြင့် ဒုတိယ၊ ဂျာမဏီနိုင်ငံက ၁.၆ ထရီလီယံဖြင့် တတိယဖြစ်ပြီး ၄င်းတို့နောက်တွင် ဂျပန်၊ တောင်ကိုရီးယား၊ နယ်သာလန်၊ ဟောင်ကောင်၊ ပြင်သစ်၊ အီတလီ၊ ဗြိတိန်နိုင်ငံတို့က အစဉ်လိုက်ရပ်တည်နေကြသည်။

**Source:** https://www.facebook.com/iseemediamyanmar/posts/599615144190925?__tn__=K-R

## နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ် အီးယူမှ ဗြိတိန်နှုတ်ထွက်မှု (Brexit)၏ အကျိုးသက်ရောက်မှုမှ လျော့ပါးနိုင်စေရေး ဂျပန်နည်းလမ်းရှာဖွေ

ဗြိတိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲရလဒ်သည် အီးယူမှဗြိတိန်နှုတ်ထွက်နိုင်မည့် ဖြစ်နိုင်ချေအလားအလာကို ပိုမိုမြင့်တက်လာစေသည့်အတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးကဏ္ဍအပေါ် အဆိုပါ (Brexit)၏ အကျိုးသက်ရောက်မှုမှ လျော့ပါးစေရန် အစိုးရအနေဖြင့် စီမံဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ထိပ်တန်းအစိုးရပိုင်း ပြောရေးဆိုခွင့်ရှိသူက ဆိုပါသည်။ အီးယူ၏ သဘောတူညီချက်မပါဘဲ ဗြိတိန်အနေဖြင့် အီးယူမှနှုတ်ထွက်ခြင်းမျိုး (no-deal Brexit) မဖြစ်စေရန်နှင့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဗြိတိန်နှင့် အီးယူတို့အား မေတ္တာရပ်ခံထားပါကြောင်းနှင့် အဆိုပါ အကျိုးသက်ရောက်မှုများကို အစိုးရအဖွဲ့အကြီးအကဲဖြစ်သူ Mr. Yoshihide Suga က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း ဗြိတိန်-ဂျပန်ကုန်သွယ်ရေး သဘောတူညီချက်ကို စောစီးစွာအပြီးသတ်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်သွားမည်ဟုလည်း Mr. Suga ကဆိုပါသည်။ ဂျပန်နိုင်ငံမှ စီးပွားရေးပိုင်း အကြီးအကဲများက အဆိုပါ ဗြိတိန်၏ အီးယူမှလမ်းခွဲမည့်အခြေအနေနှင့်ပတ်သက်ပြီး ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြားသောစီးပွားရေး လုပ်ဆောင်ချက်များတွင် ရှုပ်ထွေးမှုများမှ ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် ဖြစ်နိုင်ချေအလားအလာများကို ရှင်းလင်းစွာ သိရှိလိုကြောင်း တောင်းဆိုထားကြပါသည်။

အီးယူမှ ဗြိတိန်နှုတ်ထွက်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုး သက်ရောက်မှုရလဒ်များကို ရှင်းရှင်းလင်းလင်း ဆောင်ရွက်ရန်နှင့် နှစ်ဘက်စလုံးနှင့် စီးပွားရေးဆက်ဆံမှု ဆက်လက်နီးကပ်စွာဆောင်ရွက်သွားနိုင်ရန် ဗြိတိန်နှင့် အီးယူတို့ကို အဆိုပြုထားကြောင်းဟု ဂျပန်စီးပွားရေးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဖြစ်သူ Hiroaki Nakanishi ကဆိုပါသည်။ ဂျပန်ကုမ္ပဏီ အများအကြား အီးယူမှ ဗြိတိန်ခွဲထွက်မည့် ကိစ္စနှင့်ဆက်စပ်ပြီး စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ ပြန်လည်သုံးသပ်ရန် စဉ်းစားနေကြကြောင်းနှင့် အဆိုပါကိစ္စရပ်ကြောင့် ၂၀၂၃ ခုနှစ် အရောက်တွင် ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုကဏ္ဍကို သက်ရောက်စေမည်ဖြစ်ကြောင်း တိုယိုတာမော်တာကော်ပိုရေးရှင်းမှ အကြီးတန်းအရာရှိ ကပြောကြားခဲ့ပါသည်။ ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ Boris Johnson ၏ ကွန်ဆာဗေးတစ်ပါတီမှ ရွေးကောက်ပွဲတွင် မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး Johnson အနေဖြင့် ဂျပန်နှင့်အမေရိကန်နိုင်ငံတို့နှင့် လာမည့်သုံးနှစ်တာကာလအတွင်း လွတ်လပ်သောကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးကို မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဂျပန်**

## တရုတ်နိုင်ငံသည် ပထမအဆင့်ကုန်သွယ်ရေးသဘောတူညီမှုအနေဖြင့် အမေရိကန်ကုန်ပစ္စည်းများအား အများအပြားဝယ်ယူသွားမည်ဖြစ်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ လလယ်အတွင်း တရုတ်နှင့်အမေရိကန်လက်မှတ်ရေးထိုးမည့် သဘောတူညီမှုတွင် ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်အနေဖြင့် လုပ်ငန်းကဏ္ဍ ၄ ခုမှ အမေရိကန်ကုန်ပစ္စည်းများအား ၂ နှစ်ကျော် အတွင်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံခန့် တရုတ်နိုင်ငံက ဝယ်ယူမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍမှကုန်ပစ္စည်းများအား အများဆုံးဝယ်ယူမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံ ရှိမည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ၊ စိုက်ပျိုးရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံနှင့် ဝန်ဆောင်မှုကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၅ မှ ၄၀ ဘီလီယံ ရှိမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအား ငွေကြေးကြိုးကိုင်ချယ်လှယ်သူအနေဖြင့် ကြာရှည်စွာမသတ်မှတ်သင့်ကြောင်း အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနမှဆုံးဖြတ်ခဲ့ကြောင်း၊ ၁၃.၁.၂၀၂၀ ရက်နေ့တွင် အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံအား ငွေကြေးဈေးကွက်အား ကြိုးကိုင်ချယ်လှယ်သူစာရင်းမှ ဖယ်ရှားလိုက်ခြင်းသည် ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက် ပထမအဆင့်ဆောင်ရွက်နိုင်မှု၏ သင်္ကေတဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ စတင်သက်ဝင်မည့် အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် အခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံနှုန်းအား ဝါရှင်တန်မှဖယ်ရှားခဲ့ပြီး နှုန်းဝက်သာ ကောက်ခံခဲ့သော်လည်း အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံနှုန်းမှာ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ ထုတ်ပြန်မှုတွင် ကုန်သွယ်ရေးတိုးချဲ့မှု၌ စွမ်းအင် ထုတ်ကုန်များ အဓိကထားပါဝင်ကြောင်း၊ ကုန်သွယ်ရေးစစ်ပွဲများ စတင်ပြီးနောက် အမေရိကန်နိုင်ငံမှ မသန့်စင်ရသေးသောဆီ ( Crude oil ) များ တင်ပို့မှုလျော့ကျခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း များအား အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ ဝယ်ယူနိုင်ခဲ့မှု၏ ၂ ဆဖြစ်သည့် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံအား ကုန်သွယ်ရေး စစ်ပွဲမတိုင်ခင် ဝယ်ယူနိုင်ခဲ့သည်ဟု အမေရိကန်နိုင်ငံဘက်မှပြောကြားကြောင်း၊ ရှန်ဟိုင်းအခြေစိုက် စိုက်ပျိုးရေးသုတေသနမှ ပဲပုပ်၊ အခွံမာသီး၊ သစ်သီး၊ ဝက်သား၊ ကြက်သား၊ ပြောင်း၊ နံ့စားပြောင်း၊ အီသနောဘေးထွက်ပစ္စည်းများ ပိုမိုဝယ်ယူရန် အကြံပြု ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ အခွန်သတ်မှတ်မှုအားလုံး မဖယ်ရှားလျှင် တရုတ်နိုင်ငံမှလည်းဝယ်ယူမည့် ကတိကဝတ်များအား ထိန်းသိမ်းရန်မလိုအပ်ကြောင်း၊ ၁၃.၁.၂၀၂၀ ရက်နေ့တွင် USBroadcaster NPR က အိမ်ဖြူတော်မှ ကုန်သွယ်ရေး အကြံပေး Mr. Peter Navarro အားတွေ့ဆုံမေးမြန်းရာ၌ ရက်ပေါင်း ၉၀ အတွင်း အခွန်နှုန်းများ ပြင်ဆင်သတ်မှတ်ရန် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Robert Lighthizer အား ဥပဒေလုပ်ထုံးလုပ်နည်းအရ ခွင့်ပြုထားကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် South China Morning Post ၌ ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-တရုတ်**

## Thura News Views

**Xi Jinping will visit Myanmar amid soaring trade**

At the time of publishing, Chinese president Xi Jinping's first visit to Myanmar in 19 years will be only one day away. His visit will not only mark the 70th anniversary of diplomatic relations between the two countries, it will also mark a high point for Myanmar and China's economic relationship, one that may come to define the future of the Myanmar economy.

Of course, Myanmar's largest neighbor has always been one of its closest economic partners. For example, China has the world's highest demand for jade, while Myanmar has the world's largest supply. In Mandalay, after two devastating fires in the 1980s, Chinese investors began buying up property at rock-bottom prices, and now the city is the capital of Chinese investment. In the democratic era, as civil wars and a human rights crisis warded away Western investors, China launched its China-Myanmar Economic Corridor, a vast infrastructure

initiative that will eventually include highways, railways, oil and gas pipelines, river ports, power plants and special economic zones.

And in 2019, the year before its president's historic visit, trade with China has reached a high mark. Despite violence along key trade routes in Shan and Kachin States, trade between the two countries ended 2019 at USD 17.71 billion, a full 28.5 percent increase from 2018, according to official data. China upped its import demands for Myanmar rice. Myanmar, in turn, issued some of its most lucrative liquid natural gas tenders to Chinese companies, including four to Hong Kong-listed VPower group. Airlines expanded their fleets and schedules specifically for Chinese travelers, and more than 400,000 Chinese tourists visited the city of Mandalay.

Other Asian neighbors, especially Korea, Japan, Singapore and Thailand, have made their own MOUs and investments, developing the special economic zones in Dawei and Yangon Region, opening new factories and buying up stakes in Myanmar banks and other major corporations. But they all play second fiddle to the tiger that has dominated trade in Myanmar's north.

**China bought 10.8 million tons of oil in 2019**

Myanmar ended the year having exported a total of 10.8 million tons of crude oil to China, a rise of 6.3 percent from 2018, highlighting the deepening economic relationship between the two countries during the development of the China-Myanmar Economic Corridor.

Official data reported by China Internet Information Center shows that around USD 5.5 billion of oil flowed through the China-Myanmar Oil and Gas Pipeline, which was first put into use in 2013. Natural gas exports to China in-creased by 54 percent from 2018, valuing almost USD 1.8 billion.

As Myanmar exports oil and gas, it is also investing in fuel of its own. Also in 2019, the Ministry of Electricity and Energy issued five emergency tenders for liquid natural gas supply and power generation in bid to increase Myanmar's generating capacity by 900 megawatts before the 2020 hot season. Four of these contracts were awarded to Hong Kong-listed VPower Group.

These oil and gas deals are merely part of a deepening of Myanmar and Chinese economic relationship centered around the China-Myanmar Economic Corridor. The long-in-development project seeks to establish new trade infra-structure in the form of highways, railways, river ports and special industrial zones in Myanmar's north.

**Emporium shows jade and gems still hot**

The Myanma Gems Enterprise raked in nearly MMK 60 billion, or USD 40.1 million, at its week-long jade and gems emporium in Nay Pyi Taw.

The annual week-long event allows jade and gem dealers to examine and bid for nearly 4000 lots. This year, more than 2000 prospective buyers attended, and nearly 3500 jade lots were sold, along with nine of the more valuable gem lots. The highest-priced jade lot began at MMK 100 million, and the most valuable gem lot began at MMK 180 million.

Jade and precious stones have been and continue to be one of Myanmar's staple industries, accounting for USD 10-12 billion per year. According to an Extractive Industries Transparency Initiative report: "The world's most valuable rubies are from Myanmar, consistently breaking world records at international auctions. Myanmar is also the world's largest source of high quality jade and is conveniently located next to China, the world's largest market for jade – a stone so highly prized in China that its value continues to soar and regularly fetch higher

prices per ounce than gold."

However, the industry has seen intense criticism for widespread corruption and cronyism. The jade industry in par-ticular has come under fire from human rights groups for the treatment of miners and scavengers in the country's north, who are often underpaid, abused and supplied amphetamines to help them work longer hours.

**Thailand expands Myanmar finance ties in major bank investment**

A major Thai bank may soon be a 35 percent stakeholder in Myanmar's Ayeyarwaddy Farmers Development Bank in the deepening financial relationship between the two countries.

The Kasikorn Bank, or KBank, Thailand's fourth largest financial institution, has submitted an official application to the Central Bank of Myanmar for the investment, made possible by a new law that allows foreign companies to invest in Myanmar financial institutions. Both KBank and A Bank were set up for the agriculture industry and specialize in agricultural financing. Both have espoused the new opportunities for trade and cross-border financing that the investment would bring. The application came only a week after another Thai-Myanmar bank duo, Ayeyarwady Bank and Siam Commercial Bank, signed an MOU to facilitate trade between the two countries.

These actions are the latest in a series of steps to improve Myanmar-Thai trade relations. Last year, a new Thai-Myanmar Friendship Bridge opened at Myawaddy town, where the majority of legitimate cross-border trade occurs. Officials from Myanmar and Thailand also agreed to support the use of both Kyat and Thai Baht in border trade, which has hitherto relied on the USD as the currency of choice.

**Source: Thura Swiss News (Issue 399 January 16, 2020)**

## STOCK EXCHANGE (17.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 2,436 | 28,013,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,850 | 1,585 | 6,121,500 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 0 | 0 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 113 | 322,100 | 12,823,224 | 37,187 |

## Market summary

As of 17th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.46 | +0.47 | +0.10% | 468.32 | 468.32 | 457.46 | 4,134 | 34,456,600 | 5 | 626,409 |

### Index chart




# Market Overview

As of 1:00 pm, 17th Jan. 2020

| MYANPIX | 457.46 ▲ 0.47 |
|---|---|
| Total Volume (shares) | 4,134 |
| Total Value (MMK) | 34 mil |
| Listed Company | 5 |
| Market Cap. (MMK) | 626,409 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |